# ကြေးမုံ The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (25-9-2013) (၇၆၁၄)

**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

၂၄-၉-၂၀၁၃

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၃ | ဒသမ | ၅၀ | လက်မ |
| ကျိုက္ကမီ | ၂ | ဒသမ | ၄၀ | လက်မ |
| စဉ့်ကူး | ၂ | ဒသမ | ၀၀ | လက်မ |
| မြစ်ကြီးနား | ၁ | ဒသမ | ၉၇ | လက်မ |
| လောင်းလုံ | ၁ | ဒသမ | ၇၇ | လက်မ |
| မုဒုံ | ၁ | ဒသမ | ၆၉ | လက်မ |
| မြိတ် | ၁ | ဒသမ | ၆၂ | လက်မ |

# နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ဗြိတိန်သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီး ခန့်အပ်လွှာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နံနက် ၁၁ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို နိုင်ငံတော်သမ္မတထံ ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို နိုင်ငံတော်သမ္မတထံ ပေးအပ်စဉ်။** (သတင်းစဉ်)

## ယနေ့မှာတိကာ

သက်တမ်းငါးနှစ်ရှိ ဝန်ကြီးချုပ်ရာထူးတာဝန် ထမ်းဆောင်ရန် ဟွန်ဆန်အား ကမ္ဘောဒီးယားလွှတ်တော် အတည်ပြု

စာမျက်နှာ ➤ ၄

နိုင်ငံခြားသားခရီးသည် ၁၀ ဦးတင်ဆောင်လာသည့် မင်းကွန်း–မန္တလေး ရေယာဉ်ငယ်စက်ချွတ်ယွင်း၍ ရေထဲမျောပါ

စာမျက်နှာ ➤ ၁၁

အီတလီတွင် ကိုရီးယားရိုးရာအစားအစာများ မိတ်ဆက်ပေးခဲ့သူ လီယောင်အေး

စာမျက်နှာ ➤ ၁၂



ykGSGufpm;cGJtef aemufwefufpm;orm; tufyDDlvm armfvih

စာမျက်နှာ ➤ ၁၃

# ကမ္ဘာ့ချန်ပီယံရှစ် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာ ငွေသုံး၊ ကြေးနှစ်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် ကမ္ဘာ့ချန်ပီယံရှစ် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ပိုက်ကျော်ခြင်းအားကစားသမားများသည် ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခု ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဦးအောင်ကျော်မိုး ခေါင်းဆောင်၍ အုပ်ချုပ်၊ နည်းပြ၊ ဒိုင်၊ အားကစားသမား စုစုပေါင်း ၃၃ ဦး ပါဝင်ပြီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် အမျိုးသားအသင်းက ငွေတစ်ခုနှင့် အမျိုးသမီးအသင်းက ငွေတစ်ခု၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ငွေတစ်ခု၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ကြေးတစ်ခု၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ကြေးတစ်ခု ရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၇ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**



# ကမ္ဘောဇအသင်း နိုင်ပွဲဆက် အုပ်စုတက်ရန် အလားအလာရှိ

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-ရှိုင်းထက်ဇော်

**တောင်ကြီး စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပ လျက်ရှိသည့် ၂၀၁၃ MNL Cup ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(KBZ ကွင်း)

| | | |
|---|---|---|
| ကမ္ဘောဇ | - | တစ်ဂိုး (စထက်နိုင်ဝင်း) |
| Southern | - | ဂိုးမရှိ |

အုပ်စုတက်ရေး အရေးပါသည့်ပွဲစဉ်များဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့သည်။ နှစ်သင်းစလုံး အားကုန်ထုတ်ကစားမှုကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များလည်းရရှိခဲ့သည်။ အိမ်ရှင်ကမ္ဘောဇ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းအစတွင် တိုက်စစ်မှူး စထက်နိုင်ဝင်းက သွင်းယူပေးခဲ့သည်။ ကမ္ဘောဇအသင်းမှာ နှစ်ပွဲဆက်တိုက် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်ရောက်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ Southern အသင်းမှာ နောက်တစ်ဆင့်တက်ရန် ခက်ခက်ခဲခဲရုန်းကန်ရတော့မည်ဖြစ်သည်။

(ဗထူးကွင်း)

| | | |
|---|---|---|
| ရန်ကုန် | - | တစ်ဂိုး (ကောင်းဆက်နိုင်) |
| ရခိုင် | - | ဂိုးမရှိ |

(ပဒုမ္မာကွင်း)

| | | |
|---|---|---|
| မနောမြေ | - | တစ်ဂိုး (ဉာဏ်လင်းအောင်) |
| ဇေယျာရွှေမြေ | - | ဂိုးမရှိ |

စာမျက်နှာ ၉ ကော်လံ ၁ သို့



**ကြေးမုံစာတည်းရှုထောင့်** **၂၅-၉-၂၀၁၃၊ ဗုဒ္ဓဟူးနေ့**

# တာဝန်ကျေတဲ့ မုတ်သုံ

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ဖတ်လိုက်ရသည်။ ဇွန်လဆန်းမှ ဝင်ရောက်တာဝန်ကျေခဲ့သည့် မုတ်သုံ ယခုအောင်မြင်စွာ နှုတ်ဆက်ဆုတ်ခွာစပြုလာပြီ။

မုတ်သုံတာဝန်ကျေခဲ့ပါသည်။ မိုးနည်းရပ်ဝန်း ရေခန်းခြောက်နေသော အလယ်ပိုင်းဒေသကို လိုသည်ထက်ပို၍ မိုးများရွာသွန်းပေးခဲ့သည်။ တောင်ပေါ်ဒေသတွင်လည်း ရေလွှမ်းပေးခဲ့သည်။ တစ်နှစ်တာလုံးတွင် ကွက်ကျားမိုးဟူ၍ မရှိခဲ့။ တစ်နိုင်ငံလုံး လွှမ်းခြုံပြီး မိုးရေဖွေးဖွေးလှုပ်လှုပ်နှင့် အေးချမ်းမှုကို ပေးခဲ့သည်။ ယခု မုတ်သုံထွက်ခွာစပြုပြီ။ နှုတ်ဆက်ခွဲခွာခါနီးမှာ အတိုးချမိုးကြောင့် နိုင်ငံတစ်ဝန်း ရေဖောင်ဖောင်နှင့် ကားလမ်း၊ ရထားလမ်း ရေလွှမ်းကာ သွားရေးလာရေး အခက်အခဲကြုံရလည်း ပြည်သူများအပြစ်မမြင်။ နှုတ်ဆက်ထွက်ခွာသွားသော မုတ်သုံကို နားလည်ခွင့်လွှတ်ပြီးသား။

မြောက်ပိုင်းမှမုတ်သုံဆုတ်ခွာ၊ အောက်ပြည်အောက်ရွာကို အချစ်ပိုလာသလား။ မြန်မာပြည်အောက်ပိုင်း မိုးပိုလာနိုင်သည့် သတိပေးချက်နှင့်အတူ ရွာလိုက်သည့်မိုးက သောက်သောက်လဲ။ တနင်္သာရီ၊ ဧရာဝတီဒေသများ မိုးလုံးမည်း၊ သဲသဲမဲမဲနှင့် ရှိနေသည်။

ကမ္ဘာ့ရာသီဥတုဖောက်လှဲဖောက်ပြန် ကမောက်ကမနှင့် ကမ္ဘာနှင့်အဝှမ်းမှာ ဆိုးဆိုးရွားရွားခံစားနေကြရချိန်။ မိမိတို့နိုင်ငံရာသီဥတုကား ပုံမှန်လည်ပတ် "ပန်းပန်လျက်"ပါ။ ပုံမှန်တိုက်ခတ်မြဲရာသီလေကြောင်းများ မပြောင်းသရွေ့၊ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော် မခန်းခြောက်သရွေ့ မိမိတို့နိုင်ငံတွင် နွေမိုးဆောင်း ဥတုသုံးလီ မျှညီရှိနေဦးမည်သာ။

ဘင်္ဂလားပင်လယ်နှင့် ကပ္ပလီပင်လယ်ကိုဖြတ်သန်းကာ မိမိတို့နိုင်ငံအတွင်း လမ်းကြောင်းမပျက် ဝင်ရောက်လာခဲ့သော မုတ်သုံကို မိမိတို့နိုင်ငံရှိ သစ်တောများနှင့် တောင်တန်းသုံးသွယ်က အေးမြစွာကြိုသည်။ သက်ရောက်မှု၏ တန်ပြန်သက်ရောက်မှုက မိုးရေစက်များကို လက်ဆောင်ရလိုက်သည်။ တစ်နိုင်ငံလုံး မိုးရေဖွေးဖွေးနှင့် ရွှဲရွှဲစိုသွားသည်။ လယ်ယာကိုင်းကျွန်းစိုက်ကြပျိုးကြနှင့် တစ်နိုင်ငံလုံး နိုးနိုးကြားကြား၊ လန်းလန်းဆန်းဆန်း။ မုတ်သုံ၏ ကျေးဇူး။

တစ်နိုင်ငံလုံး တောတန်းတောင်တန်း မြေပြန့်ချိုင့်ဝှမ်း ကွက်လပ်မကျန် ခြေဆန့်ရင်း၊ မိုးရေစက်လေးများ လက်ဆောင်ပေးရင်း၊ သစ်ပင်ပန်းပင်လေးများကို ပွေ့ဖက်နှုတ်ဆက်ရင်း ယခုဆုတ်ခွာတော့မည်။ အချိန်တန်တော့ အိမ်ပြန်လမ်းခွဲခြင်းလောကနိယာမ။ မုတ်သုံလည်း ထိုနည်းလည်းကောင်း။ ယခုအောင်မြင်စွာ ဆုတ်ခွာနိုင်ပြီ။

လေးလတာ အတူဆုံတွေ့ခဲ့ကြသော ပြည်သူများရင်မှာ မုတ်သုံ၏ အေးမြမှု၊ ငြိမ်းချမ်းမှုကို သတိတရ တသသနှင့် ရှိနေကြမည်သာ။ တစ်ခါတစ်ရံ ကြမ်းကြမ်းတမ်းတမ်းနှင့် ပြောင်းဆန်တတ်သည့် မုတ်သုံ၏ အကျင့်၊ တစ်ခါတစ်ရံ ရေများရာမိုးရွာ၊ မျှတမှုမရှိသလို ပြုမူတတ်သည့် မုတ်သုံ၏ လုပ်ရပ်။ ပြည်သူများ နားလည်ခွင့်လွှတ်ကြမြဲ။ မုတ်သုံမရှိမဖြစ်သည့် မိမိတို့အတွက် နောင်နှစ်လည်း မုတ်သုံပြန်အလာကို စောင့်ကြိုရင်း. . . . .။

ကျေးဇူးပါမုတ်သုံ။ ။

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂျန်ဒါအခြေပြု အကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများကာကွယ်ပေးရေးဥပဒေပညာပေးသင်တန်း

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် Care Myanmar အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျန်ဒါအခြေပြု အကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများ ကာကွယ်ပေးရေးဥပဒေပညာပေးသင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မာထွန်းက သင်တန်းဆိုင်ရာစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များ ပြောကြား၍ အဖွဲ့မှ သင်တန်းဆရာမ ဒေါ်နီလာထွန်းက ဂျန်ဒါအခြေခံသဘောတရားနှင့် အကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာဥပဒေများအကြောင်း ရှင်းလင်းပို့ချသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်စန္ဒာထွန်း၊ ဝန်ကြီးဌာနများရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

၎င်းဂျန်ဒါအခြေပြုအကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများကာကွယ်ပေးရေး ဥပဒေသင်တန်းသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဒုတိယအကြိမ် ဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၆၇-၄၁၄၇၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

## မကွေးမြို့တွင် စိုက်ပျိုးရေးပွဲတော်ကျင်းပ

**မကွေး စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ ဖွံ့ဖြိုးမှုရန်ပုံငွေထောက်ပံ့ရေး အစီအစဉ် USAID ရှေ့သို့ စီမံကိန်း Cesvi အဖွဲ့အစည်းက ကျင်းပသော စိုက်ပျိုးရေး ပွဲတော်ဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်နံနက်က မကွေးမြို့ ကမ်းနားလမ်း နန်းထိုက်သူဟိုတယ်ခန်းမ၌ ကျင်းပသည်။

စက်တင်ဘာ ၂၅ ရက်တွင် တောင်သူစကားနပန်း ဗိုလ်လုပွဲ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်၏ စိုက်ပျိုးရေး အထောက်အကူပြု မိုးလေဝသဟောပြောချက်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ (အငြိမ်းစား) ဦးမြင့်ဆွေ၏ အနာဂတ် စိုက်ပျိုးရေးအကြောင်း ဟောပြောချက်၊ မကွေးမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့မှ တောင်သူပညာပေးလုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးရေး သရုပ်ဖော်တင်ဆက်မှု၊ ယာမြေတွင် ရာသီအလိုက် သီးနှံမျိုးကွဲအလိုက် မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးတတ်စေရန် ဟောပြောမှု၊ တောင်သူများ ကိုယ်တိုင်သီးနှံထုတ်လုပ်ရေးဆိုင်ရာ စာတမ်းများကို ဟောပြောဖတ်ကြားကြသည်။

စိုက်ပျိုးရေးပွဲတော်သို့ ပညာရှင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် မကွေး၊ ဆိပ်ဖြူ၊ စလင်း၊ ရေနံချောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့မှ တောင်သူများ၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မကွေးလှမြင့်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၉၃၉၀၀ | - | ၆၉၄၉၀၀ |
| မန္တလေး | ရွှေဈေး | ၆၉၄၀၀၀ | - | ၆၉၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၁၂. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၈. ၉၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၅၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၈၄. ၂၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၀. ၄၄၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၄. ၆၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၇. ၀၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**





## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

၆း၀၀ ပရိတ်တရားတော်
၁၂း၂၅ ဖြူ/မည်းရုပ်ရှင်"ပယင်းရောင်" (ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်း)[ဒါရိုက်တာ-ခင်စိုး]
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသသတင်း
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၄၅ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
၉း၀၀ ပြည်တွင်းသတင်း
My Mind Game
My SEA Games
သုခမရင်ခွင်အငြိမ့်သဘင် "ဟားစတိုင်အငြိမ့်" (မင်းသမီး-ခိုင်ဝင့်ဖြူ၊ လူရွှင်တော်-စတားကောင်းထက်၊ ကောင်းမွန်၊ လှိုင်ဘွား၊ ငွေခဲ)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ *(သတင်း-ရွှေဖုံး)*

(သတင်းစဉ်)



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)** ယင်းသို့ တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## အစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၄**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ကျင်းပမည့် လူတိုင်းအတွက် လေ့လာသင်ယူခွင့်ရရှိရေး အစည်းအဝေးသို့ တက်ရောက်ရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းကော်မတီစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၄**

တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး၊ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက MEITI လုပ်ငန်းစဉ်နှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi- stakeholder Group- MSG) ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဒေသခံအရပ်ဘက် လူ့အဖွဲ့အစည်းများနှင့်ဆွေးနွေးညှိနှိုင်းရုံမျှမက သဘာဝအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး၊ ကုမ္ပဏီများနှင့်ပါ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EITI အဖွဲ့ဝင်လျှောက်လွှာတင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိနေသည့် လုပ်ငန်းစဉ်များကို အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် EITI အဖွဲ့ဝင်အဖြစ်လျှောက်လွှာတင်နိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းရာတွင် စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် အချိန်မီဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များရွေးချယ်ရာတွင် နိုင်ငံအများစုတွင်ဆောင်ရွက်လျက်ရှိသည့် အတွေ့အကြုံများအရ EITI ကိစ္စရပ်များကို အစဉ်တစိုက်ဆောင်ရွက်နေသော လူထုအခြေပြုအဖွဲ့များနှင့် ပညာရပ်ပိုင်းဆိုင်ရာ လေ့လာနေသောအဖွဲ့များအား ပေါင်းစပ်ညှိနှိုင်းရွေးချယ်ဖွဲ့စည်းနိုင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**









# သက်တမ်းငါးနှစ်ရှိ ဝန်ကြီးချုပ်ရာထူး တာဝန်ထမ်းဆောင်ရန် ဟွန်ဆန်အား ကမ္ဘောဒီးယားလွှတ်တော် အတည်ပြု



ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော်အစည်းအဝေး ဖွင့်ပွဲ အခမ်းအနား၌ ဝန်ကြီးချုပ် ဟွန်ဆန်အား တွေ့ရစဉ်။

**ဖနောင်ပင် စက်တင်ဘာ ၂၄**

ကမ္ဘောဒီးယားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် သက်တမ်း ရှည်ကြာစွာ ဆောင်ရွက်ခဲ့သော ဟွန်ဆန်အား ငါးနှစ် သက်တမ်း သစ်တစ်ရပ် ဆက်လက်ထမ်းဆောင်ရန် ကမ္ဘောဒီးယားလွှတ်တော်က အတည်ပြုခဲ့ကြောင်း၊ ကမ္ဘောဒီးယား အတိုက်အခံပါတီက ရွေးကောက်ပွဲရလဒ်များအပေါ် အငြင်းပွားမှုနှင့် သပိတ်မှောက်မှုများ ဖြစ်ပေါ်နေစဉ် အတွင်း ယင်းသို့အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

### မျှော်လင့်ရ

ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် ၁၉၈၅ ခုနှစ် ကတည်းက စတင်တာဝန်ထမ်းဆောင်ခဲ့သူ ဟွန်ဆန်သည် စက်တင်ဘာ ၂၄ ရက်တွင် ယင်းရာထူးသစ် လက်ခံပွဲကို ပြုလုပ်လိမ့်မည်ဟု မျှော်လင့်ရသည်။

### တောင်းဆို

စက်တင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့သော ကမ္ဘောဒီးယားလွှတ်တော်အစည်းအဝေးသို့ အတိုက်အခံများက တက်ရောက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲရလဒ်များနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခု ဖွဲ့စည်းစစ်ဆေးရန် တောင်းဆိုထားသည်။ ဝန်ကြီး ချုပ်ရာထူးနေရာသစ် ပြန်လည်ထမ်းဆောင်ရခြင်းနှင့် ပတ်သက်ပြီး ကမ္ဘောဒီးယားလွှတ်တော်တွင် ဝန်ကြီးချုပ် ဟွန်ဆန်က မိန့်ခွန်းပြောကြားရာ၌ ယနေ့သည် ကမ္ဘော ဒီးယားနိုင်ငံအတွက် သမိုင်းဝင်နေ့တစ်နေ့ဖြစ်ပြီး ကျင်းပ ပြီးစီးခဲ့သောရွေးကောက်ပွဲသည် လွတ်လပ်မျှတပြီး ပွင့်လင်း မြင်သာမှုရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### တံခါးပိတ်မထား

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က စက်တင်ဘာ ၂၄ ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံရာ၌ အတိုက် အခံများနှင့် စေ့စပ်ညှိနှိုင်းရန်အတွက် တံခါးပိတ်မထား ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲရလဒ်များ ကို လက်ခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**

# ဝက်စ်ဂိတ်ကုန်တိုက်ဒေသတစ်ဝိုက်တွင် ကင်ညာလုံခြုံရေးတပ်ဖွဲ့များ ပိုက်စိပ်တိုက်ရှင်းလင်း

**နိုင်ရိုဘီ စက်တင်ဘာ ၂၄**

အယ်လ်ရှာဘတ် စစ်သွေးကြွများဟု သင်္ကာမကင်းဖြစ်သူများက တိုက်ခိုက်ခဲ့သော ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ ဝက်စ်ဂိတ်ကုန်တိုက်ဒေသတွင် ကင်ညာလုံခြုံရေးတပ်ဖွဲ့များက ပိုက်စိပ်တိုက်ရှင်းလင်းမှုများ ပြုလုပ်နေပြီး ယင်း ဒေသအတွင်း လုံခြုံစိတ်ချမှုရှိရေးအတွက် ကြိုးပမ်းနေကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းကုန်တိုက်ဝင်းအတွင်း ပေါက်ကွဲသံများနှင့် သေနတ်သံများကို စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းအထိ ကြားနေရကြောင်းနှင့် ယင်းချေမှုန်းမှုစစ်ဆင်ရေးမှာ အဆုံးသတ်ရန် နီးကပ်လာနေပြီဖြစ်ကြောင်း ထင်ကြေးပေးပြောဆို မှုများ ရှိခဲ့သည်။

စစ်သွေးကြွတို့၏တိုက်ခိုက်မှုကြောင့် လူ ၆၂ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၇၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် စစ်သွေးကြွများထဲ၌ အမေရိကန်နှင့် ဗြိတိန်နိုင်ငံသူ အမျိုးသမီးနှစ်ဦး သို့မဟုတ် သုံးဦးခန့်ပါဝင် သည်ဟု ကင်ညာနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အမေရိကန်ရုပ်သံသတင်းဌာန ပီဘီအက်စ်သတင်းအစီအစဉ်နှင့် တွေ့ဆုံရာတွင် ကင်ညာနိုင်ငံခြားရေးဝန်ကြီး အမီနာမိုဟာမက်က ပြောကြားရာ၌ ယင်းပါဝင်သူ အမေရိကန်နိုင်ငံသူများမှာ အသက် (၁၈)နှစ် သို့မဟုတ် (၁၉) နှစ်အရွယ်ရှိသူများဖြစ်ကြောင်း၊ ၎င်းတို့သည် ဆိုမာလီ သို့မဟုတ် အာရပ်ဇာတိများဖြစ်ကြပြီး တစ်ဦးမှာ မင်နီဆိုတာမှ ဖြစ်ကာ တစ်ဦးမှာ အခြားနေရာမှဖြစ်သည်ဟုဆိုသည်။

**ဘီဘီစီ။**



ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ ဝက်စ်ဂိတ်ကုန်တိုက်ဝန်းကျင်ဒေသတွင် လုံခြုံရေးဆောင်ရွက်နေသည့် ကင်ညာတပ်ဖွဲ့ ဝင်များအား တွေ့ရစဉ်။



# ကုလ ဓာတုလက်နက်စစ်ဆေးသူများ ဆီးရီးယားသို့ပြန်သွားဖွယ်ရှိဟု ရုရှားပြောကြား

**မော်စကို စက်တင်ဘာ ၂၄**

ကုလသမဂ္ဂ ဓာတုလက်နက်စစ်ဆေးသူများသည် စက်တင်ဘာ ၂၅ ရက်တွင် ဆီးရီးယားနိုင်ငံသို့ ပြန်လည် သွားရောက်ဖွယ်ရှိကြောင်း ရုရှားအစိုးရက ယနေ့ပြောကြား သည်။

ဆီးရီးယားနိုင်ငံတွင်းရှိ ဓာတုလက်နက်များ သုံးစွဲ တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲပြောကြားထားသည့် စန်အယ်လ် အက်ဆယ်၊ ရှီလက်မာ့စကွစ်နှင့် ဆာရာကက်ဒေသများ၌ ယင်းလက်နက်စစ်ဆေးသူများက စုံစမ်းစစ်ဆေးမှုများပြု လုပ်လိမ့်မည်ဟု ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂီ ယက်ဗ်ကော့ဗ်က ပြောကြားသည်။

ကုလသမဂ္ဂ ဓာတုလက်နက်စစ်ဆေးသူများသည် ဩဂုတ် ၂၁ ရက်တွင် ဒမတ်စကတ်မြို့အနီး ဓာတုလက်နက် များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူပေါင်းရာနှင့်ချီ သေဆုံးမှုအတွက် စုံစမ်းစစ်ဆေးရန်ပြင်ဆင်မှုများ ပြုလုပ် လျက်ရှိသည်။

ယင်းတိုက်ခိုက်မှုတွင် အာရုံကြောများထိခိုက်ပျက်စီး စေသည့် ဆာရင်ဓာတ်ငွေ့များ သုံးစွဲတိုက်ခိုက်ခဲ့ကြောင်း လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ၎င်းတို့က အတည်ပြုခဲ့ကြ သည်။

**အေဗီ။**



# ဘင်္ဂလားဒေ့ရှ်အထည်ချုပ်စက်ရုံ အလုပ်သမားများဆန္ဒပြ စက်ရုံများမီးလောင်

**ဒါကာ စက်တင်ဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ထောင်ပေါင်းများစွာသော အထည်ချုပ်စက်ရုံအလုပ်သမားများက လုပ်ခလစာများ တိုးမြှင့် တောင်းဆိုဆန္ဒပြလျက်ရှိရာ ဆန္ဒပြမှုတတိယ မြောက်နေ့တွင် လမ်းများပိတ်ဆို့ခြင်း၊ စက်ရုံများကို မီးရှို့ ဖျက်ဆီးခြင်းအပြင် ရဲတပ်ဖွဲ့ဝင်များနှင့်လည်း ပဋိပက္ခများ ဖြစ်ပွားခဲ့ကြသည်။

ဆန္ဒပြလှုပ်ရှားမှုများ ပျံ့နှံ့လာသော တတိယမြောက်နေ့ စက်တင်ဘာ ၂၃ ရက်တွင် စက်ရုံပေါင်း ၁၀၀ ကျော် ပိတ်ပစ်ခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်တွင် အထည် ချုပ်စက်ရုံလုပ်ငန်းမှ ဒေါ်လာဘီလီယံ ၂၀ အထိ ရရှိခဲ့ သော်လည်း စက်ရုံအလုပ်သမားများက ၎င်းတို့အနေဖြင့် ယင်းကဏ္ဍမှ အကျိုးအမြတ်မရရှိခဲ့ဟု ယူဆကာလုပ်ခ လစာများ တိုးမြှင့်ပေးရန် တောင်းဆိုဆန္ဒပြလျက်ရှိသည်။

**ဘီဘီစီ။**



# ဆီးဂိမ်း ရွှေ (ဆု) အိပ်မက်ကို ဖော်ဆောင်ပေးမည့် မြန်မာ့ဂျူဒိုအားကစားအဖွဲ့

ဝင်းထွဋ်ဦး

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး (ဆီးဂိမ်း)ကျင်းပရန် တဖြည်းဖြည်းနီးကပ်၍လာပြီ ဖြစ်သည်။ အနီးဆုံးအနေအထားဟုပင်ဆိုနိုင်နေပြီဖြစ်၍ မြန်မာအားကစားအဖွဲ့များအနေဖြင့် မိမိနိုင်ငံအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် ပြိုင်ပွဲကြီးတွင် အမြင့်ဆုံး(ဆုတံဆိပ်) အောင်မြင်မှုဆွတ်ခူးရရှိနိုင်ရန် ပြိုင်ပွဲအကြိုလေ့ကျင့် ပြင်ဆင်မှုများကို အရှိန်အဟုန်ပြင်းပြင်းနှင့် ကြိုးစားဆောင်ရွက်နေကြသည်ကို မျက်ဝါးထင်ထင်မြင်တွေ့နေရသည်။

ယခုဆိုလျှင် ပြိုင်ပွဲဝင်မည့် အားကစားနည်းများအလိုက် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များသည် ဆီးဂိမ်းတွင် အောင်မြင်မှုရရှိစေရန် ဆီးဂိမ်းအကြိုနိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်စေပြီး ပူးတွဲလေ့ကျင့်မှုများပြုလုပ်စေခြင်းများကို အဓိကဦးစားပေးလုပ်ဆောင်နေကြပြီဖြစ်သည်။ အမြင့်ဆုံး ဆုတံဆိပ်ပိုင်ဆိုင်နိုင်ခွင့်ဆိုသည့် တူညီသောရည်မှန်းချက်တစ်ခုတည်း ထားရှိပြီး တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းလေ့ကျင့်မှုများကို ပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့များအားလုံးက ပြုလုပ်နေကြသည်မှာ အလွန်အားရကျေနပ်စရာပင်ဖြစ်သည်။ ဝမ်းမြောက်ဂုဏ်ယူမိပါ၏။

ထိုသို့ အပြင်းအထန်ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်နေကြသည့် အားကစားအဖွဲ့များအနက် မြန်မာဂျူဒိုအားကစားအဖွဲ့သည် လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကိုဒိုတန်ဂျူဒိုသင်တန်းကျောင်းတွင် ဂျူဒိုအားကစားနည်း ပူးတွဲလေ့ကျင့်မှုများပြုလုပ်နေပါသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် Government to Government အစီအစဉ်အရ မြန်မာဂျူဒိုအဖွဲ့သည် စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ပူးတွဲလေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။ ဂျပန်-မြန်မာနှစ်နိုင်ငံ ဂျူဒိုပူးတွဲလေ့ကျင့်မှုတွင် မြန်မာဂျူဒိုအားကစားသမား ၁၂ ဦး ပါဝင်သည်ဟုသိရသည်။ တစ်လခွဲကြာကာလအတွင်း ပူးတွဲလေ့ကျင့်မှုမှရရှိမည့် အတွေ့အကြုံကောင်းများသည် အောက်တိုဘာလတွင်ကျင်းပမည့် ဆီးဂိမ်းအကြိုနိုင်ငံတကာပြိုင်ပွဲနှင့် ဒီဇင်ဘာလတွင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အောင်မြင်မှုရရှိရန် များစွာအထောက်အကူဖြစ်စေမည်မှာသေချာနေသည်။

ဆီးဂိမ်း ဂျူဒိုပြိုင်ပွဲကို နေပြည်တော်ရှိ ဇေယျာသီရိအားကစားရုံကြီးတွင် ဒီဇင်ဘာလ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဂျူဒိုအားကစားနည်းတွင် ရွှေတံဆိပ်ဆု ၁၈ ခုအပါအဝင် ငွေဆု ၁၈ ခု၊ ကြေးဆု ၃၆ ခု စုစုပေါင်း ဆုတံဆိပ် ၇၂ ခုချီးမြှင့်မည်ဖြစ်သည်။ ဆီးဂိမ်းတွင် ထည့်သွင်းကျင်းပမည့်အားကစားနည်း ၃၃ မျိုးအနက် ရွှေတံဆိပ်ဆု ၁၈ ခု ချီးမြှင့်မည့် အားကစားနည်း ငါးမျိုး ပါဝင်နေရာ ယင်းအားကစားနည်းငါးမျိုးတွင် ဂျူဒို အားကစားနည်းသည် တစ်ခုအပါအဝင်ဖြစ်နေသည်။ (စစ်တုရင်၊ ကမ်ပို၊ ပိုက်ကျော်ခြင်း/ရိုးရာခြင်း၊ ဗိုဗီနမ် အားကစားနည်းများလည်း ရွှေဆု ၁၈ ဆုချီးမြှင့်မည်။) ထို့အပြင် နေပြည်တော် ဇေယျာသီရိအားကစားရုံကြီး၌ လက်ခံကျင်းပမည့် အားကစားနည်းလေးမျိုးတွင် ဂျူဒိုအားကစားနည်းပြိုင်ပွဲသည် ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဗိုဗီနမ်တို့နှင့်အတူ ပါဝင်နေသည်ကို တွေ့ရသည်။

ဂျူဒိုအားကစားနည်းသည် ကမ္ဘာ့အိုလံပစ်အားကစားနည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဂျူဒိုအားကစားနည်းကို ၁၉၆၅ ခုနှစ် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၅ ကျွန်းဆွယ်ပြိုင်ပွဲမှသည် ဆက်လက်ကျင်းပသည့် ပြိုင်ပွဲတိုင်း(အကြိမ်တိုင်း) ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အတွက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အတွေ့အကြုံရင့်ကျက်သည့် အားကစားနည်းဟု ဆိုနိုင်သည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ဆီးဂိမ်းပြိုင်ပွဲ အကြိမ်တိုင်းနီးပါးတွင် အမိနိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ ၁၉၆၅ ခုနှစ် သုံးကြိမ်မြောက် မလေးရှားကျွန်းဆွယ် ပြိုင်ပွဲမှ နောက်ဆုံး ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲအထိ ဆုတံဆိပ်ပေါင်း ၁၃၆ ခု ဆွတ်ခူးခဲ့သည်။

> ‘ အမြင့်ဆုံး ဆုတံဆိပ်ပိုင်ဆိုင်နိုင်ခွင့်ဆိုသည့် တူညီသောရည်မှန်းချက်တစ်ခုတည်းထားရှိပြီး တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းလေ့ကျင့်မှုများကို ပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့များအားလုံးက ပြုလုပ်နေကြသည်မှာ အလွန်အားရကျေနပ်စရာပင် ’

၁၉၇၇ ခုနှစ် (၉) ကြိမ်မြောက် မလေးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဦးဆုံး ရွှေတံဆိပ်ရယူနိုင်ခဲ့သလို ပြီးခဲ့သည့် ၂၀၁၁ အင်ဒိုဆီးဂိမ်းတွင်လည်း ရွှေဆုတစ်ဆုအပါအဝင် ဆုတံဆိပ်ကိုးခု ဆွတ်ခူးနိုင်ခဲ့သည်။ ပြိုင်ပွဲသမိုင်းတစ်လျှောက် မြန်မာဂျူဒိုအားကစားအဖွဲ့ အောင်မြင်မှုအရရှိဆုံးပြိုင်ပွဲမှာ ရွှေ သုံးဆု၊ ငွေ ငါးဆု၊ ကြေး လေးဆု ဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၈၇ ခုနှစ် (၁၄)ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲဖြစ်သည်။ထိုနှစ်နောက်ပိုင်းပြိုင်ပွဲများတွင် ရွှေဆုများ ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ရွှေဆုသုံးဆု ရရှိခဲ့သည်ကို လိုက်မမီခဲ့။ အများဆုံး ရွှေနှစ်ဆုသာ ရယူနိုင်ခဲ့သည်။ ဆီးဂိမ်းအမည်ဖြင့်ကျင်းပသည့် ပြိုင်ပွဲတစ်လျှောက် ရွှေဆု ၁၉ ဆု၊ ငွေတံဆိပ် ၄၄ ခု၊ ကြေးတံဆိပ် ၆၅ ခု စုစုပေါင်း ၁၂၈ ဆုအထိ ရရှိခဲ့သည့်အပြင် ၂၀၀၅ ခုနှစ် (၂၃) ကြိမ်မြောက် ဖိလစ်ပိုင်ဆီးဂိမ်းမှ ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းအထိ ပြိုင်ပွဲ (၄)ကြိမ်ဆက်တိုက် ရွှေဆုဆွတ်ခူးပေးနိုင်ခဲ့သည့် မှတ်တမ်းများအရ မြန်မာဂျူဒို အားကစားအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲနှင့် ပတ်သက်လျှင် အောင်မြင်မှုအစဉ်အလာကောင်းများ ရှိခဲ့သည်ဟု ဆိုနိုင်သည်။

ယခုနှစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပြိုင်ပွဲတွင်လည်း မြန်မာဂျူဒိုအားကစားအဖွဲ့သည် ရှေ့ပြိုင်ပွဲများတွင် ရယူနိုင်ခဲ့သော အစဉ်အလာကောင်း၊ မှတ်တမ်းကောင်းကို ဆက်လက်ထိန်းနိုင်အောင် အပြင်းအထန်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပေသည်။ အင်ဒိုဆီးဂိမ်းအောင်မြင်မှုများ အရှိန်ရပ်တန့်မသွားစေရန် ၂၀၁၁ ဆီးဂိမ်းအပြီး ၂၀၁၂ ဖေဖော်ဝါရီလဆန်းကတည်းက ကစားသမား စုစုပေါင်း ၄၀(အမျိုးသား-အမျိုးသမီး ၂၀ စီဖြင့်)ကို ရွေးချယ်စခန်းသွင်းလေ့ကျင့်မှုများ စတင်ဆောင်ရွက်ခဲ့သည်။ ကစားသမားအများစုကို အား/ကာ သိပ္ပံများမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထိုကစားသမားများကို လေ့ကျင့်မှုပြုလုပ်စဉ် ကာလအတွင်း လက်ရည်စစ်ပွဲများ ယှဉ်ပြိုင်စေကာ စွမ်းရည်ပိုင်းစိစစ်မှုပြုလုပ်ခဲ့ပြီး အဆင့်ဆင့် စနစ်တကျ ရွေးချယ်မှုပြုခဲ့ရာ ယခုဆိုလျှင် မြန်မာ ဂျူဒိုအားကစားအဖွဲ့ အပြီးသတ်ကစားသမား ၃၀ ရွေးချယ်ပြီးဖြစ်သည့် အနေအထားရောက်ရှိနေပြီဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်း ထိုင်းနိုင်ငံတွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဂျူဒိုဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာဂျူဒိုအဖွဲ့ သွားရောက်ပါဝင်ယှဉ်ပြိုင်မှု ပြုခဲ့သည်။ စခန်းသွင်းလေ့ကျင့်ထားသော အားကစားသမားတစ်ဦးချင်းစီ၏ စွမ်းရည်ပိုင်းအကဲဖြတ်နိုင်စေရန်၊ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရန်၊ ပြိုင်ပွဲတွင်အောင်မြင်မှုရယူလိုစိတ် ပြင်းပြစေရန်နှင့် ပြိုင်ပွဲကြီးများတွင် အမြင့်ဆုံးအောင်မြင်မှုရလဒ် ရယူဆွတ်ခူးနိုင်၍ ရည်ရွယ်ပြီး ပါဝင်ယှဉ်ပြိုင်စေခဲ့ရာ အောင်မြင်မှုများရသည်ဟုဆိုနိုင်သည်။ ရွှေဆု နှစ်ခု၊ ငွေဆု လေးခု၊ ကြေးဆု ခြောက်ခု ဆွတ်ခူးနိုင်ခဲ့သည်။ ထိုစွမ်းရည်ပိုင်းနှင့် ရလဒ်များအရ မြန်မာဂျူဒိုအားကစားအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲ အောင်မြင်မှု အစဉ်အလာကောင်းတစ်ခုကို ယခုနှစ် (၂၇) ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပြိုင်ပွဲတွင်လည်း ဆက်ထိန်းနိုင်ရန် အခွင့်အလမ်းများ ပိုင်ဆိုင်ရရှိနေဆဲဟု ဆိုနိုင်ပါသည်။

ထိုသို့ ထိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် အမြင့်ဆုံး ရွှေတံဆိပ်ဆုအပါအဝင် အောင်မြင်မှုများရယူနိုင်ခဲ့ခြင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံများသို့ သွားရောက်ပြီး ပူးတွဲလေ့ကျင့်မှုများ ဆောင်ရွက်နိုင်ခြင်းကြောင့် ရရှိသည့်အကျိုးရလဒ်ဟုဆိုလျှင် လက်ခံကြရမည်သာဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလတွင် မြန်မာဂျူဒို အမျိုးသမီးအဖွဲ့၊ မတ်လတွင် အမျိုးသားအဖွဲ့တို့ ဂျပန်နိုင်ငံသို့ သွားရောက်ကာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ တိုးတက်မှု အပေါင်းလက္ခဏာဆောင်သည့် ပူးတွဲလေ့ကျင့်မှုများပင် မဟုတ်ပါလား။

လက်ရှိအချိန်တွင် မြန်မာဂျူဒိုအားကစားအဖွဲ့ (အမျိုးသား-အမျိုးသမီး)ဂျပန်နိုင်ငံ၌ နောက်တစ်ကြိမ်နှစ်နိုင်ငံအားကစားအဖွဲ့ချင်း ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နေခြင်းသည်လည်း လာမည့်ဆီးဂိမ်းအကြိုဖိတ်ခေါ်ပြိုင်ပွဲနှင့် ဒီဇင်ဘာဆီးဂိမ်းပြိုင်ပွဲကြီးတွင် မလွဲမသွေ အမြင့်ဆုံး(ဆု)အောင်မြင်မှုရယူနိုင်ရေး ဦးတည်ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ ယင်းသို့ပူးတွဲလေ့ကျင့်မှုများ ဆက်တိုက်လုပ်ဆောင်ခြင်းသည် ဆီးဂိမ်းရွှေဆု အိပ်မက်မျှော်လင့်ချက် ပိုမိုထွန်းလင်းတောက်ပနိုင်အောင် အဓိကနေရာမှ အထောက်အပံ့ပေးနေခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

ဆီးဂိမ်းဂျူဒိုအားကစားနည်း (ပြိုင်ပွဲ အမျိုးအစား ၁၈ မျိုး)မှ ရွှေတံဆိပ် ၁၈ ခု ချီးမြှင့်မည်ဖြစ်သော်လည်း ပြိုင်ပွဲစည်းမျဉ်းအရ ပြိုင်ပွဲဝင်အသင်း(နိုင်ငံ)တိုင်း ပြိုင်ပွဲနည်း ၁၄ မျိုးမှသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် ဝိတ်တန်းများကို ပြိုင်ပွဲဝင်အသင်းများ ရွေးချယ်ပိုင်ခွင့်ရှိနေသည်။ မြန်မာဂျူဒိုအဖွဲ့ချုပ်အနေဖြင့် ကစားသမားများ၏ လေ့ကျင့်မှုနှင့် အကြိုပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ကစားသမား၏ စွမ်းရည်ပိုင်းကို စိစစ်သုံးသပ်ပြီး ရွှေဆုအိပ်မက် အကောင်အထည်ဖော်ပေးနိုင်မည့် ပြိုင်ပွဲအမျိုးအစားကို ဦးစားပေးရွေးချယ်ကာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသားအားကစားနည်း ခုနစ်မျိုး၊ အမျိုးသမီး အားကစားနည်း ခုနစ်မျိုးကို မြန်မာဂျူဒိုအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရသည်။

မြန်မာဂျူဒိုအဖွဲ့ချုပ်မှ လက်ရှိရွေးချယ်လေ့ကျင့်ပေးနေသည့် ကစားသမားများမှာ ကျေနပ်အားရလောက်သည့်အနေအထား၊ အောင်မြင်မှုကိုရယူပေးလိုစိတ် ပြင်းပြနေကြသည့် ကစားသမားများ၏ အရှိန်အဟုန်မြှင့် ကြိုးစားလေ့ကျင့်နေမှုများက ဆီးဂိမ်းရွှေဆု အောင်မြင်မှုမှတ်တမ်းကောင်း ဆက်လက်ရေးထိုးနိုင်မည့်လမ်းကြောင်းဆီ ဦးတည်နေပြီ ဖြစ်ပါသည်။ ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ နောက်ဆုံး လေးကြိမ်ဆက်ရွှေဆုအပါအဝင် ဆုတံဆိပ်များ မလွတ်စတမ်း ဆွတ်ခူးရယူပေးနိုင်သည့် မြန်မာဂျူဒို အားကစားအဖွဲ့သည် လာမည့်ဆီးဂိမ်းပြိုင်ပွဲကြီးတွင်လည်း ရွှေဆုပန်းတိုင်ဆီအရောက် ယုံကြည်ချက်အပြည့်ဖြင့် မရောက်ရောက်အောင်လျှောက်လှမ်းမည်မှာ သေချာနေပါသည်။ သို့ဖြစ်၍ ဆီးဂိမ်းရွှေဆုအိပ်မက် ဖော်ဆောင်ပေးမည့် အားကစားအဖွဲ့များတွင် မြန်မာဂျူဒို အားကစားအဖွဲ့သည် တစ်ဖွဲ့အပါအဝင်ဖြစ်နေသည်ဟု ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

**နောက်ဆုံး ဆီးဂိမ်းပြိုင်ပွဲ (၄)ကြိမ်ဆက် မြန်မာဂျူဒိုအားကစားအဖွဲ့ ဆုရရှိမှု**

| ခုနှစ် | အကြိမ် | အိမ်ရှင် | ဆုရရှိမှု | | | |
|---|---|---|---|---|---|---|
| | | | ရွှေ | ငွေ | ကြေး | ပေါင်း |
| ၂၀၀၅ | ၂၃ ကြိမ်မြောက် | ဖိလစ်ပိုင် | ၁ | ၃ | ၅ | ၉ |
| ၂၀၀၇ | ၂၄ ။ | ထိုင်း | ၁ | ၄ | ၃ | ၈ |
| ၂၀၀၉ | ၂၅ ။ | လာအို | ၂ | ၂ | ၅ | ၉ |
| ၂၀၁၁ | ၂၆ ။ | အင်ဒိုနီးရှား | ၁ | ၆ | ၂ | ၉ |

၂၀၁၁ အင်ဒိုဆီးဂိမ်း ရွှေတံဆိပ်ဆုရရှိမှု - အမျိုးသမီး - ၇၈ ကီလိုတန်း - အေးအေးအောင်







# ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ကျေးရွာများအတွင်း ရေဝင်ရောက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်း ယမန်နေ့ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ညိုချောင်း ချောင်းရေလျှံပြီး တောင်ညိုကျေးရွာအုပ်စု ကျောင်းစုကျေးရွာနှင့် ပြည်တော်လင်း၊ သစ်မွှေးစုကျေးရွာများသို့ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုး သံမဏိကြိုးတံတား ကျိုးပြတ်မှုအခြေအနေနှင့် ကျေးရွာအတွင်း ရေဝင်ရောက်မှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တောင်ညိုကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ပေတောဘုန်းတော်ကြီးကျောင်းတွင် ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တောင်ညိုချောင်းရေလျှံမှုကြောင့် ပျက်စီးသွားသည့် သံမဏိကြိုးတံတား ပြန်လည်တည်ဆောက်ရေး၊ ကျောင်းစုကျေးရွာနှင့် ဆယ်သိန်းကျေးရွာအတွင်း၌ ချောင်းရေဝင်ရောက်သည့် ရေတွင်းများအား ရေစုပ်စက်များဖြင့် စုပ်ထုတ်ခြင်းလုပ်ငန်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရေတွင်း၊ ရေကန်များ ဆေးခတ်ခြင်းနှင့် လက်ရှိသောက်သုံးရေသန့် ပြတ်လပ်မှုမရှိစေရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သောက်သုံးရေ ဖြန့်ဝေပေးရေးနှင့် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ကျေးရွာတွင်း လမ်းများ ပြန်လည်ပြင်ဆင်ရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျေးရွာအတွင်းရှိ ချောင်းရေဝင်ရောက်ခဲ့သည့် ရေတွင်းအား ရေစုပ်ထုတ်နေမှု၊ တောင်ညို တိုက်နယ်ဆေးရုံအဝင်လမ်း ရေပြွန်ပေါက် ပြန်လည်ပြုပြင်ရန်နှင့် မရမ်းခုံကျေးရွာသွားလမ်းပေါ်၌ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော မရမ်းခုံတံတား ပြန်လည်ပြုပြင်ရန် လိုအပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# ဒုတိယဝန်ကြီး ဦးပိုက်ထွေး ပျော်ဘွယ်နှင့် ရမည်းသင်းမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်သူဗဟိုပြု အများပြည်သူဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ ကျေးရွာများသို့ နေ့စဉ်ထုတ်သတင်းစာများ နေ့ချင်းပေါက်ရောက်ရှိရေးတို့ကို ဒုတိယဝန်ကြီး ဦးပိုက်ထွေးက စက်တင်ဘာ ၂၃ ရက် ညနေပိုင်းက ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားခဲ့သည်။

ထို့နောက် နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းခရိုင်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စာပေရေချမ်းစင်နှင့် နံရံကပ်စာပေရေချမ်းစင်များထားရှိမှု၊ ဒေသခံပြည်သူများ၏ ဖတ်ရှုမှု၊ ရရှိသည့် အကျိုးရလဒ်များနှင့် Wifi အခမဲ့ထုတ်လွှင့်နေမှုများကို ထိရောက်အကျိုးရှိစွာ လုပ်ကိုင်ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ရုံးအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအနုသုခုမပြိုင်

**တောင်ကြီး စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် တောင်ကြီးခရိုင်အဆင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလောရင်း၊ ခရိုင်ပညာရေးမှူး ဦးဘိုငွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး (ကိုယ်စား) ဦးစီးအရာရှိဦးရဲရင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲ၊ ဒိုင်အဖွဲ့တောင်ကြီးတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါ်နန်းနုနုခင်က စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အဆင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအနုသုခုမပြိုင်ပွဲကို စတင်ရာ တောင်ကြီးမြို့နယ်ကိုယ်စားပြု ရှမ်းယဉ်ကျေးမှုအကအဖွဲ့နှင့် ဓနုယဉ်ကျေးမှုအဖွဲ့ သုခနုယိမ်းအကအဖွဲ့တို့က စတင်ယှဉ်ပြိုင်ဖျော်ဖြေကြသည်။



အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲသို့ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ယဉ်ကျေးမှုအကအဖွဲ့များကို ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးချီးမြှင့်ပေးကြကြောင်း သိရသည်။ **အင်းသားလေး(တောင်ကြီး)**

# မီးဘေးလုံခြုံရေးတာဝန်ခံသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းအမှတ်စဉ်(၆)ဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနတွင် ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# ကုန်သွယ်မှုအတွက် လိုအပ်သည့် အကူအညီအထောက်အပံ့ရရှိရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီအထောက်အပံ့များပေးရန် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် အကြိမ် (၆၀)မြောက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (UNCTAD) ၏ ဘုတ်အဖွဲ့ အဆင့်မြင့်အစည်းအဝေး (High Level Session) သို့ စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၈ ရက်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များနှင့် ဖွံ့ဖြိုးမှု (Investment for development: Global Value Chains and Development) ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ(UNCTAD) ၏ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr.Petko Draganov နှင့် တွေ့ဆုံ၍ ကုန်သွယ်မှုအတွက် လိုအပ်သည့်အကူအညီ အထောက်အပံ့ရရှိရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီအထောက်အပံ့များပေးရန် ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ ညွှန်ကြားရေးမှူး Mr.James ZHAN နှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ LDC နိုင်ငံများနှင့် အထူးအစီအစဉ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Taffere TESFACHEW နှင့် တွေ့ဆုံ၍ LDC နိုင်ငံများ၏ ဖွံ့ဖြိုးမှုနှင့် Graduation from LDC ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။



စက်တင်ဘာ ၁၉ ရက်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာဌာနမှ Mr.Masataka Fujita နှင့်အဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ စာရင်းအင်းစစ်တမ်းနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်ပြုစုရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၀ ရက်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိအကောင်အထည်ဖော်ဆောင်ရွက်မည့် အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ် (Istanbul Programme of Action)အပေါ် UNCTAD မှ အထောက်အပံ့ပေးသည့် အစီအစဉ်သို့ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးမူဝါဒ၊ လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဘောင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ၏အမျိုးသားအဆင့် ဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စီစဉ်ဆောင်ရွက်မည့်အစီအစဉ်နှင့် အလားအလာများနှင့် စပ်လျဉ်း၍လည်းကောင်း Key Note ပြောကြားခဲ့သည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများ ဗဟိုဌာန (South Centre) မှ အမှုဆောင်ဒါရိုက်တာ Mr.Martin Khor နှင့် ကုန်သွယ်မှုအသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့် အထူးအကြံပေး Mr.Carlos M. Correa တို့နှင့်တွေ့ဆုံ၍ မူပိုင်ခွင့်ဥပဒေနှင့် အခြားသဘောတူစာချုပ်များဆိုင်ရာ ဂရုပြုရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ပုံမှန်စည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၄**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၉ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများဖြေကြားခြင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေမူကြမ်းကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၂ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

**အထက်မြန်မာပြည်ရုံးချုပ်** ကို ၂၄-၉-၂၀၁၃ရက်နေ့တွင်

**မန္တလေးတိုင်းဒေသကြီး-မန္တလေးမြို့** ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့်တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း



# ကမ္ဘောဇအာမခံလုပ်ငန်း အထက်မြန်မာပြည်ရုံးချုပ် ဖွင့်

**မန္တလေး စက်တင်ဘာ ၂၄**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီလီမိတက် (International Kanbawza Insurance Co.,Ltd.) ၏ အထက်မြန်မာပြည်ရုံးချုပ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက်က အမှတ် (၄၆၂) လမ်း (၈၀)၊ (၂၈×၂၉) လမ်းကြား ချမ်းအေးသာဇံမြို့နယ် မန္တလေးမြို့တွင်ကျင်းပရာ ပထမဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ ပုဂ္ဂလိက အာမခံလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးမင်းသိန်း၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် အထက်မြန်မာပြည်ရုံးချုပ်တာဝန်ခံ ဦးဝင်းဦးတို့က အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက် အထက်မြန်မာပြည်ရုံးချုပ် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မန္တလေးဆီဒိုးနားဟိုတယ် အမရပူရခန်းမတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က နိုင်ငံတော်မှ အာမခံလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လျှောက်ထားလာသော ပုဂ္ဂလိကကုမ္ပဏီများအနက် ယနေ့အထိ ပုဂ္ဂလိကအာမခံလုပ်ငန်းကုမ္ပဏီကိုးခုအား အာမခံလုပ်ငန်းလိုင်စင်ထုတ်ပေးခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီလီမိတက်သည် ယင်းအာမခံလုပ်ငန်းလိုင်စင်ရရှိသော ကုမ္ပဏီကိုးခုတွင်ပါဝင်ခဲ့သဖြင့် နိုင်ငံတော်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခြင်းမှ အာမခံအကာအကွယ်ပေးခြင်းဖြင့် အဓိကကူညီပံ့ပိုး အထောက်အကူပြုသွားမည်ဖြစ်ကြောင်း၊ အထက်မြန်မာပြည်တွင်ရှိသော ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သော အာမခံအကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုံးခွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အာမခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

**(ကြေးမုံ)**

# စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**

စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း အစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် လွှတ်တော်အဆောက်အအုံ အိုင်ဆောင်(၂)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်ဝင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထုတ်ကုန်များ စံချိန်စံညွှန်းမီဖို့၊ သွင်းကုန်များ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစေဖို့၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို အထောက်ကူပြုစေဖို့ ပြဋ္ဌာန်းရန် လိုအပ်တဲ့ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားသားခရီးသည် ၁၀ ဦးတင်ဆောင်လာသည့် မင်းကွန်း-မန္တလေးရေယာဉ်ငယ်စက်ချွတ်ယွင်း၍ ရေထဲမျောပါ

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး-မင်းကွန်း နိုင်ငံခြားသားခရီးသည် ပို့ဆောင်ရေးရေယာဉ်အသင်းမှ စိုးစိုးအောင်ရေယာဉ်ငယ်သည် နိုင်ငံခြားသားခရီးသည် ၁၀ ဦး တင်ဆောင်၍ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မင်းကွန်းမှ မန္တလေးသို့ မောင်းနှင်လာစဉ် ပန်ကာပြုတ်ထွက်၍ စက်ချွတ်ယွင်းပြီး ဧရာဝတီမြစ်အတွင်း မျောပါနေသဖြင့် အခြားရေယာဉ်တစ်စင်း၏ အကူအညီဖြင့် မန္တလေး-မရမ်းခြံဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ထိုနေ့က မရမ်းခြံဆိပ်ကမ်း(မန္တလေး)မှ မလေးရှားနိုင်ငံသူ Ms. Dam Lai Song နှင့်အတူ နိုင်ငံခြားခရီးသည် ၁၀ ဦးသည် စိုးစိုးအောင်ရေယာဉ်ကို နံနက် ၈ နာရီခန့်တွင် ငှားရမ်းပြီး မင်းကွန်းသို့ ပို့ဆောင်စေခဲ့ကြောင်း၊ အပြန်ခရီးတွင် ပုသိမ်ကြီးမြို့နယ် ရေလှကျေးရွာအနီး၌ ရေယာဉ်ပန်ကာပြုတ်ထွက်ခဲ့ရာမှ ရေထဲ၌ မိနစ် ၂၀ ခန့် မျောပါခဲ့ကြောင်း ခရီးစဉ်တူ ရွှေလိပ်ပြာရေယာဉ်ငယ်က တွေ့မြင်၍ ဆွဲယူကယ်ဆယ်ခဲ့သဖြင့် နိုင်ငံခြားသားခရီးသည် ၁၀ ဦး မန္တလေးမြို့သို့ ဘေးကင်းစွာရောက်ရှိခဲ့ကြောင်း သိရသည်။

ရေယာဉ်ပန်ကာပြုတ်ထွက်ပြီးစက်ချွတ်ယွင်းသည့် ရေယာဉ်ငယ် စိုးစိုးအောင်သည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ နိုင်ငံခြားသားခရီးသည်သယ်ယူပို့ဆောင်ခွင့်လိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ဆောင်နေခြင်းဖြစ်သည်ဟု သိရသည်။ **တင်မောင်(မန္တလေး)**

# မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့်မိသားစုများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၄**

(၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၆၃ ဦးတို့သည် စက်တင်ဘာ ၈ ရက်က မကွေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီးပြည်သူ့ဆေးရုံ အမျိုးသားသွေးလှူဘဏ်၌ စုပေါင်း သွေးလှူဒါန်းပွဲကျင်းပရာ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်နှင့် အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၈း၀၆ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်းစာ |
| ၄း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရွှေဟောင်းသုတ |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်သစ်အချစ် (အပိုင်း-၃၂) |
| ၆း၂၅ | ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ (အပိုင်း-၁၃၅) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းသမားဘတ်ဒုန်းဆု (အပိုင်း-၁၈) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကိုယ်ယုံကြည်သောချစ်ခြင်းဖြင့် (အပိုင်း-၃၉) |





### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၂၇/A၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်ရှိ အာ(ရ်)အမ်အေဆားဗစ်စစ်(စ်) လီမိတက်၏ ၁၄-၁၁-၂၀၁၂ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်-၂၀၂ အက်(ဖ်) စီ/၂၀၁၂-၂၀၁၃ နှင့် Form of Permit, Permit No. ၂၁၅/၂၀၁၂ သည် ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဒေါ်ခင်ချိုကြည်(စဉ်-၆၃၉၈)
ဖုန်း-၆၅၇၇၉၂၊ ၆၅၀၇၄၀၊ ၆၅၀၄၆၆

ဥတုရာသီ
တောက်ညီမှီ၏

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ ကျန်စစ်သားလမ်းသွယ်(၂)၊ မြေကွက်အမှတ် (၁၅၆၂)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြေချပါမစ်အရ ဗိုလ်ကြီးတင်ကိုအောင်မှ အမည်ပေါက်ပြီး အရပ်ကတိစာချုပ်ဖြင့် ဦးမောင်မောင်သန်း [၁၂/ရကန(နိုင်)၀၅၅၄၄၁]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးမောင်မောင်သန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စီဆိုင်းတောင် **(LL.B, D.B.L, WIPO-DL)** အထက်တန်းရှေ့နေ (စဉ်-၂၃၄၀၇)
အမှတ်(၈၃)၊ အခန်း(၁၂)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၃၀၁၆၃၊ ၀၁-၃၇၇၈၇၉




### Taxi ကားသစ်ငှားမည်

Probox ကားသစ်၊ မနက် ၆- ည ၉၊ စပေါ်-၃သိန်း၊အုံနာခ-တစ်သောင်းကျပ်၊ တောင်ဥက္ကလာ။
ဖုန်း-၀၉ ၅၀၂၀၃၈၀၊ ၀၁ ၅၆၁၉၇၀။



# ပုံမှန်ပွဲထွက်ကစားခွင့်ရရန် နောက်ခံလူအက်ဇ်ပီလီကူတာ မျှော်လင့်

စပိန်ညာနောက်ခံကစားသမား အက်ဇ်ပီလီကူတာသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ တစ်ပွဲသာလျှင် ပွဲထွက်ကစားခွင့်ရရှိထားသော်လည်း လာမည့်နွေရာသီတွင် ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလား မတိုင်မီယှဉ်ပြိုင်ကစားမည့် စပိန်အသင်း၏ ပွဲစဉ်လေးပွဲတွင် ပွဲထွက်ကစားရန် မျှော်လင့်လျက်ရှိပြီး အပြင်းအထန်ကြိုးစားရန်လည်း ကတိကဝတ်ပြုခဲ့သည်။



အသက်(၂၄)နှစ်အရွယ်ရှိ စပိန်နှင့် ချယ်လ်ဆီးနောက်တန်းကစားသမား အက်ဇ်ပီလီကူတာသည် ယခုနှစ်ဘောလုံးရာသီတွင် လူစားလဲမှုတစ်ကြိမ်အပါအဝင် ချယ်လ်ဆီးပထမအသင်းနှင့်အတူ ပွဲထွက်ကစားခွင့်အတွက် ကန့်သတ်ထားမှုများဖြင့် ကြုံတွေ့နေရသူ ဖြစ်သည်။

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို အနေဖြင့်လည်း ချယ်လ်ဆီးအသင်း၏ နောက်တန်းတွင် အိုင်ဗန်နိုဗစ်၊ ဂယ်ရီကာဟေး၊ ဂျွန်တယ်ရီနှင့် အက်ရှ်လေကိုးလ်တို့ကိုသာ ဦးစားပေးကစားသမားများအဖြစ် ပွဲထွက်ကစားစေခဲ့ပြီး နောက်ခံလူ အက်ဇ်ပီလီကူတာကိုမူ ပုံမှန်ပွဲထွက်ခွင့်ပေးထားခြင်းမရှိခဲ့ပေ။ ထို့ကြောင့် နောက်တန်းကစားသမား အက်ဇ်ပီလီကူတာအနေဖြင့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် ပွဲထွက်ကစားနိုင်ရန် မျှော်လင့်ထားသည့်အပြင် ချယ်လ်ဆီးအသင်းမန်နေဂျာ မော်ရင်ဟိုနှင့် စပိန်အသင်းနည်းပြ ဒယ်ဘိုစကေး တို့၏ ပွဲထွက်ကစားသမားစာရင်းတွင် ပါဝင်ကာ အသင်းအတွက် အကောင်းဆုံးပါဝင်ကစားရန်လည်း မျှော်လင့်ထားခဲ့သည်။

ထို့ပြင် "ကျွန်တော်ဟာ ရည်မှန်းချက်ရှိတဲ့ ကစားသမားတစ်ဦးပါ။ အသင်းအောင်မြင်မှုအတွက်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု နောက်တန်းကစားသမား အက်ဇ်ပီလီကူတာက FIFA.com သို့ ပြောကြားခဲ့သည်။

ငွေကြယ်

# ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲအတွက် တူရကီအိမ်ရှင်အဖြစ်ကျင်းပခွင့်ရရန် ရှေ့မှပြေးနေကြောင်း ယူအီးအက်ဖ်အေ ပြောကြား

ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလိုသည့် ဥရောပနိုင်ငံများအနက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်အတွက် ရေပန်းစားမှု၌ တူရကီနိုင်ငံသည် ရှေ့ဆုံးမှ ပြေးနေကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က ပြောကြားခဲ့သည်။

အဆိုပါ ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် ယူအီးအက်ဖ်အေအဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ယူရို ၂၀၂၀ ပြိုင်ပွဲနှင့် ပတ်သက်၍ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိမှုတွင် တူရကီနိုင်ငံ၏ အဓိကပြိုင်ဘက်နိုင်ငံမှာ အင်္ဂလန်နိုင်ငံဖြစ်ပြီး အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဂရက်ဒိုင်ကီက အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲ အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရန် ပစ်မှတ်ထားနေကြောင်းလည်း ယူအီးအက်ဖ်အေက ပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲအိမ်ရှင်အဖြစ်ကျင်းပနိုင်ရေး မဲပေးရွေးချယ်ခဲ့ရာ၌ မဲအရေအတွက်နည်းမှုကြောင့် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည်။ ထို့ကြောင့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလက်တီနီ အနေဖြင့် ယူရို ၂၀၂၀ ပြိုင်ပွဲကို ဥရောပတစ်လွှားရှိ မြို့ပေါင်း ၁၃ မြို့တွင် အသီးသီးကစားခွင့်ပေးမည့်အစား တူရကီနိုင်ငံတစ်နိုင်ငံတည်းကိုသာလျှင် ကျင်းပခွင့်ပေးမည်ဟု ယခင်က ဆုံးဖြတ်ခဲ့သည်။ လက်ရှိတွင်မူ ယူအီးအက်ဖ်အေအဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံက ၎င်းတို့အနေဖြင့်လည်း အိမ်ရှင်အဖြစ်လက်ခံကျင်းပလိုကြောင်း ပြောကြားလာရာ ယူအီးအက်ဖ်အေအနေဖြင့် ယူရို ၂၀၂၀ ပြိုင်ပွဲကို တူရကီတစ်နိုင်ငံတည်းကျင်းပခွင့်ကို ပယ်ဖျက်ကာ အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲကိုမူ တူရကီနိုင်ငံ၌ ကျင်းပလိုကြောင်း ယူအီးအက်ဖ်အေအဖွဲ့ဝင်နိုင်ငံများကို ကမ်းလှမ်းထားကြောင်း သိရသည်။






# ဒို့မြန်မာတွေ နိုင်ရမည်

- ❐ မြန်မာကိုကမ္ဘာကသိအောင်
  ဒို့မြန်မာတွေအမြဲကြံဆောင်။
- ❐ မြန်မာနိုင်ပြီ ဒို့မြန်မာနိုင်ပြီ
  တိုင်းပြည်ကပေးအပ်လိုက်တဲ့တာဝန်ကို
  ဒို့တွေကျေပွန်မည်။
- ❐ အရင်ကမြန်မာသီချင်း
  ဒို့တစ်တွေရဲ့ ရင်တွင်း။
  ဒို့တစ်တွေပြန်လည်အသက်သွင်း။
- ❐ ကြိုးစားမှုနဲ့ဇွဲလုံ့လ
  ဒို့မြန်မာကို တုလို့မရ။
- ❐ ဒီဆီးဂိမ်းမှာ အောင်နိုင်ရေး
  ဒို့မြန်မာတွေကြိုးစားပေး။
- ❐ မြန်မာတိုင်းမြန်မာတိုင်း ဝိုင်းဝန်းကူ
  နိုင်ငံတော်အလံတလူလူ။
- ❐ ဒါဟာမြန်မာ ဒို့မြန်မာလို့
  ကမ္ဘာကသိအောင်ကြိုးစားစို့။
- ❐ အပြုံးပန်းတွေကြိုင်စေသည်
  ဒို့မြန်မာတွေနိုင်ရမည်။ ။

ငြိမ်းချမ်းရင်ခွင်(သိမ်ဖြူလမ်း)



# မဟာဗန္ဓုလပန်းခြံအတွင်း အသစ်ပြုလုပ်ထားသောကလေးအားကစားကွင်း

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော မဟာဗန္ဓုလပန်းခြံအတွင်းရှိအသစ်ပြုလုပ်ထားသောကလေးအားကစားကွင်း၌ ကလေးများမိဘအုပ်ထိန်းသူများနှင့် အတူပျော်ရွှင်စွာဆော့ကစားလျက် စည်ကားစွာရှိနေကြသည်ကို ရုံး၊အလုပ်၊ကျောင်းပိတ်ရက်ဖြစ်သောစက်တင်ဘာ၂၂ရက်ညနေပိုင်းက တွေ့မြင်ခဲ့ရသည်။**(အပေါ်ပုံ)**

အဆိုပါကလေးအားကစားကွင်းအတွင်းရှိ အရုပ်များမှာ စင်ကာပူနိုင်ငံမှ မှာယူတင်သွင်းခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၈ ရက်က ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ တာဝန်ရှိသူများက လာရောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဌာနတာဝန်ရှိသူများ၏ပြောကြားချက်အရသိရသည်။

**စိုးဝင်း(MLA)**

# တောင်ငူမြို့အဝင် ကုန်ကားနှင့် သုံးဘီးဆိုင်ကယ် တိုက်မိ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**တောင်ငူ စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၃ ရက် နံနက် ၅ နာရီခန့်က တောင်ငူမြို့မြောက်ဘက်အဝင် ကန်ရိုးကျေးရွာအုပ်စု ကန်ရိုးကျေးရွာအနီး ရန်ကုန်-မန္တလေးပုံမှန်လမ်း မိုင်တိုင်အမှတ် (၁၇၆/၅)နှင့် (၁၇၆/၆) အကြား တံတားအမှတ် (၂/၁၇၇) အနီးတွင် မြောက်မှတောင်သို့ ဖိုးကျော် (၂၆) နှစ် ရေခဲဆိုင်လုပ်သား ဂါမဏိလမ်း မင်းကြီးညိုရပ်ကွက် တောင်ငူမြို့နေသူမောင်းနှင်ပြီး နောက်လိုက် အောင်ထွေးလှိုင် (၁၇) နှစ်(ရေခဲဆိုင်လုပ်သား) တပင်ရွှေထီးရပ်ကွက် ကေတုမတီမြို့သစ် တောင်ငူမြို့နေသူလိုက်ပါလာသည့် ရေခဲပုံးတင်ဆောင်ထားသော သုံးဘီးဆိုင်ကယ်အမှတ် ၃ယ/---- ကန်ဒါအမျိုးအစားသည် ဆီပြတ်၍ ဖိုးကျော်က ဆိုင်ကယ်ပေါ်ထိုင်လျက် အောင်ထွေးလှိုင်က နောက်မှ တွန်းလာစဉ် ရန်ကုန်-မန္တလေးလမ်းအတိုင်း မြောက်မှ တောင်သို့ ယာဉ်မောင်း ညဏ်ထွန်း (၄၆) နှစ် သိမ်ကုန်းရပ်ကွက် သထုံမြို့ မွန်ပြည်နယ်နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် (စုံစမ်းဆဲ) လိုက်ပါလာသည့် ၁၂ ဘီး ကုန်တင်ယာဉ်အမှတ်



၁င/---- မစ်ဆူဘီရှီ၊ ဖူဆိုအမျိုးအစား ခေါင်းပြာယာဉ်က နောက်မှဝင်တိုက်ရာ သုံးဘီးဆိုင်ကယ်လုံးဝပျက်စီးသွားကာ ကုန်ကားကြီးမှာ လမ်းအနောက်ဘက်သို့ ထိုးကျသွားသည်။ **(အပေါ်ပုံ)**

ယာဉ်တိုက်မှုကြောင့် သုံးဘီးဆိုင်ကယ်နောက်မှ တွန်းသူ အောင်ထွေးလှိုင် ကေတုမတီမြို့သစ်နေသူမှာ သေဆုံးသွားပြီး သုံးဘီးဆိုင်ကယ်မောင်းသူ ဖိုးကျော်မှာ ဒဏ်ရာများရရှိ၍ တောင်ငူအထွေထွေဆေးရုံကြီး၌ တင်ပို့ကုသထားပြီး ယာဉ်မောင်းညဏ်ထွန်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်တိုက်မှုကို တောင်ငူခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ခင်မောင်လွင်၏ တိုင်တန်းချက်အရ တောင်ငူမြို့မ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(၁၂၉)**



# ကုမ္ပဏီကြို / ပို့ယာဉ် လေးကျိုး၍တိမ်းမှောက်

**မြိတ် စက်တင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က အဆောင်ကောင်းကုမ္ပဏီဝန်ထမ်း ၄၆ ဦးကို အလုပ်ခွင်သို့ပို့ရန်အတွက် မြိတ်မြို့ အင်္ဂမော်ကျေးရွာအုပ်စု ပိန္နဲတောင်ကျေးရွာမှ ယာဉ်မောင်း စိုးလတ်ဦး မောင်းနှင်လာသော ယာဉ်အမှတ် ၂ခ/.... (CANTER) အမျိုးအစား ခြောက်ဘီးယာဉ်သည် စန္ဒဝတ်ကျေးရွာအုပ်စု ဗိုလ်တောင်ရပ်ကွက် ဗိုလ်တောင် တောင်တော်မြတ်အကွေ့တွင် ယာဉ်၏ရှေ့ညာဘက် လေးကျိုး၍ လမ်း၏ ညာဘက်သို့ တိမ်းမှောက်သွားခဲ့ရာ ကုမ္ပဏီဝန်ထမ်း အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၁၇ ဦး ဒဏ်ရာအနည်းငယ် (မစိုးရိမ်ရ) ရရှိကာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဒဏ်ရာရရှိသည့် လူနာများကို မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသနိုင်ရန် တင်ပို့ထားခဲ့ကြောင်း သိရသည်။

**(၂၇၈)**

**မြို့တွင်း မိုင် ၃၀ ထက် ပိုမမောင်းရ**

# ရည်းစားဟောင်းကို အဓမ္မပြုကျင့်၍ မဖွယ်မရာဓာတ်ပုံရိုက်အွန်လိုင်းတင်သူ အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော် ပျဉ်းမနားမြို့တွင် မ. . . . (၂၆)နှစ် ရွှေချီရပ်ကွက် ပျဉ်းမနားမြို့နေသူသည် ဩဂုတ် ၂၉ရက် မွန်းလွဲ ၂ နာရီက ပျဉ်းမနားမြို့ ဆင်ရတနာမီးပွိုင့်အနီးရှိနေစဉ် လွန်ခဲ့သော သုံးနှစ်ခန့်က ရည်းစားဖြစ်ခဲ့ဖူးသော ပြည့်ဖြိုးအောင်(၂၇)နှစ် ရန်အောင်(၁)ရပ်ကွက် ပျဉ်းမနားမြို့နေသူရောက်ရှိလာပြီး မ. . . ကို ဆွဲဆိုကြိမ်းဝါး၍ ၎င်း၏နေအိမ်သို့ခေါ်ဆောင်သွားကာ အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ထို့နောက်မ. . . အား လက်ပြန်ကြိုးတုပ်၍ ၎င်း၏ဖုန်းကင်မရာဖြင့် ဓာတ်ပုံများရိုက်ယူကာ ၎င်းနှင့်ဆက်သွယ်ခြင်းမပြုလုပ်ပါက ဤဓာတ်ပုံများကို အွန်လိုင်းပေါ်တင်မည်ဟူ၍ခြိမ်းခြောက်ပြောဆိုရာ မ. . . က ထိုကဲ့သို့မပြုရန်နှင့် ရိုက်ကူးထားသော မိမိဓာတ်ပုံများ ဖျက်ပေးရန် ငိုယိုတောင်းပန်ခဲ့သော်လည်း လက်မခံခဲ့သည့်အပြင် ပြည့်ဖြိုးအောင်က စက်တင်ဘာ ၉ရက်တွင် မ. . . ၏ ညီမဖြစ်သူ မ. . . ကိုင်ဆောင်သော မိုဘိုင်းဖုန်းသို့ ဓာတ်ပုံများအား အွန်လိုင်းမှ ပေးပို့ခဲ့သည်။ အလိုမတူဘဲ အတင်းအဓမ္မသားမယားပြုကျင့်သူ ပြည့်ဖြိုးအောင်(၂၇)နှစ် ရန်အောင်(၁) ရပ်ကွက် ပျဉ်းမနားမြို့ နေသူအား ဥပဒေအရ အရေးယူပေးပါရန် စက်တင်ဘာ၁၂ရက်က တိုင်တန်းမှုကို ပျဉ်းမနားမြို့မရဲစခန်းက (ပ)၅၈၅/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၆အရ အမှုဖွင့်ခဲ့ပြီး ဒုရဲမှူး မျိုးသန်းဝင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေလှိုင်း(ပျဉ်းမနား)**

# ခါးပိုက်နှိုက်နှစ်ဦး ဖမ်းမိ

**ရန်ကုန် စက်တင်ဘာ ၂၄**

(၃၉)ခရီးသည်တင်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်အမျိုးသမီးတစ်ဦးထံမှ ငွေတစ်သိန်းကျပ်နှင့် ရွှေဆွဲကြိုးအား နှိုက်ယူခဲ့ကြသော ခါးပိုက်နှိုက်နှစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိလိုက်သော မှုခင်းတစ်ခု လမ်းမတော်မြို့နယ်၌ ဖြစ်ပွားခဲ့သည်။

စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ဂွတ္တာလစ်နေ မအေးအေးသင်း(၃၃)နှစ် ဆေးဆိုင်ဝန်ထမ်းသည် အမှတ်(၃၉) ခရီးသည်တင်ယာဉ်အား စီးနင်းလိုက်ပါလာပြီး လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးအနီး (၁၅)လမ်းမှတ်တိုင်အရောက် ကားပေါ်မှဆင်းရန်ပြုစဉ် ၎င်းကိုင်ထားသောလက်ဆွဲအိတ်ကွဲနေသည်ကို တွေ့ရပြီး အတွင်းရှိ ငွေကျပ်တစ်သိန်းနှင့် ပြတ်နေသော ရွှေဆွဲကြိုးတစ်ကုံးမှာ ပျောက်ဆုံးနေသဖြင့် ၎င်းနောက်မှ ကပ်လိုက်လာသော လှိုင်သာယာမြို့နယ်နေ ဝင်းလှိုင်(ခ) လုပန်(၃၀)နှစ်နှင့် ဘုန်းနိုင်(၂၁)နှစ်တို့နှစ်ဦးအား ကားဂိတ်တွင်တွေ့ရှိသော ရဲတပ်ဖွဲ့ဝင်များအား တိုင်ကြားပြီးရှာဖွေရာ ငွေတစ်သိန်းနှင့် ရွှေဆွဲကြိုးအား ၎င်းတို့ထံမှ သိမ်းဆည်းရမိသဖြင့် လမ်းမတော်မမစ(ပ)၁၈၃/၂၀၁၃၊ ပုဒ်မ ၃၇၉(နှိုက်)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိသည်။

---

# ရထားပေါ်မှ ပြုတ်ကျသေဆုံး

**ရန်ကုန် စက်တင်ဘာ ၂၄**

မြောက်ဥက္ကလာပမြို့နယ် တံတားကြီးရပ်ကွက် ပုရွက်ဆိတ်ကုန်းဘူတာအထွက်တွင် ရထားပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးကြောင်း သတင်းအရ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် စခန်းမှူး ရဲအုပ် ညီညီလွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မြောက်ဥက္ကလာပမြို့နယ် အောင်မင်္ဂလာလမ်းနေ ကိုသန်းထွန်းအောင် (၄၈)နှစ် ဖြစ်ပြီး ခြေသလုံးပွန်းပဲ့၊ ဝဲပေါင်ရင်းပြတ်ဒဏ်ရာနှင့် အူများထွက်ကာ သေဆုံးနေသည်ကို တွေ့ရသည်။

ကိုသန်းထွန်းအောင်သည် ရန်ကုန်မှ မင်္ဂလာဒုံဘက်သို့ စက်ခေါင်းမောင်း ဦးခင်မောင်လွင် မောင်းနှင်သည့် စက်ခေါင်းအမှတ် BF-3632 ရထားခုတ်မောင်းနေစဉ် မိုင်တိုင်အမှတ် (၉/၁၆)အရောက် လူစီးတွဲအမှတ်(၅)ပေါ် သို့ ပြေးတက်စဉ်ခြေချော်၍ပြုတ်ကျခဲ့ရာ ရထားဘီးဖြင့် ကြိတ်မိခြင်းဖြစ်ကြောင်း သိရသဖြင့် အလောင်းအား မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ရာ ပီအာရ် ၁၅/၁၃ဖြင့် လက်ခံထားရှိပြီး မမွတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် သေမှုသေခင်းအမှတ်စဉ် (၃၄/၂၀၁၃)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိသည်။

**(၃၁)**

# ဆိုင်ကယ် အရှိန်လွန်တိမ်းမှောက် တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**မြင်းမူ စက်တင်ဘာ ၂၄**

မြင်းမူမြို့ အောင်သိဒ္ဓိဆီစက်ရှေ့ မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင် (၄၆/၇)နှင့် (၄၇/၀)ကြားတွင် စက်တင်ဘာ ၂၂ ရက် ည ၁၀ နာရီခွဲခန့်က မြင်းမူမြို့မှ မန္တလေးဘက်သို့ သန်းဇော်ဦး (၂၉)နှစ် အောင်ဇေယျရပ်ကွက် မြင်းမူမြို့နေသူမောင်းနှင်ပြီး နောက်မှကျော်ဝင်းခိုင် (၄၀)နှစ် ထန်းစင်ရွာ ငါန်းဇွန်မြို့နယ်နှင့် အောင်အောင်ဇော် (၄၉)နှစ် ဗန္ဓုလရပ်ကွက် မြင်းမူမြို့နေသူတို့ လိုက်ပါစီးနင်းသည့်AGUO-125အနက်ရောင်ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ နောက်မှလိုက်ပါသည့် ကျော်ဝင်းခိုင်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ဆိုင်ကယ်မောင်းနှင်သူ သန်းဇော်ဦးနှင့် အောင်အောင်ဇော်တို့မှာ ဒဏ်ရာများရရှိကြသဖြင့် မြင်းမူရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုနိုင်(မြင်းမူ)**
















# မြန်မာ့ရိုးရာမုန့်များ ပေါ်ပေါက်ရေးလှုပ်ရှားမှုစတင်

မြန်မာနိုင်ငံတွင် ကင်ဆာဖြစ်ပွားမှုနှုန်းသည် အစားအစာနှင့် နေထိုင်မှုပုံစံပြောင်းလဲလာခြင်းကြောင့် ယခင်ကထက်ပို၍များလာကြောင်း အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများ၌ ကင်ဆာဖြစ်ပွားမှုနှုန်းမြင့်သော နိုင်ငံများစာရင်း၌ ပါဝင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စာရင်းများအရ သိရသည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့တွင် နိုင်ငံခြားဖြစ်အသင့်စားမုန့်များ ကာကွယ်တားဆီးရေးလှုပ်ရှားမှုကို စတင်လျက်ရှိကြောင်း တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံကြီး သွားနှင့်ခံတွင်း ဆရာဝန် ဒေါက်တာကျော်ဆွေ ထံမှသိရသည်။ တောင်တွင်းကြီးမြို့ တိုက်သစ်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းမှ ကလေး ၆၁၀ ကျော်အား အပတ်စဉ် မြန်မာမုန့်များ အခမဲ့ကျွေးကာ စတင်လျက်ရှိကြောင်း၊ လှုပ်ရှားမှု၏အဓိကရည်ရွယ်ချက်မှာ နိုင်ငံခြားဖြစ်မုန့်များနေရာတွင် မြန်မာ့ရိုးရာမုန့်များကို နှစ်သက်ခုံမင်စွာစားသုံးရန်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ ပြည်ပကဝင်ရောက်လာသော မုန့်များသည် ဆိုးဆေးများ၊ ဓာတုပစ္စည်းများထည့်သွင်းထားခြင်းကို ပြည်တွင်း မုန့်လုပ်ငန်းရှင်များက နိုင်ငံခြားပုံစံအတိုင်း ဆိုးဆေးလိုက်ပြီး အသုံးပြုသဖြင့် ကလေးသူငယ်များအဖို့ တဖြည်းဖြည်းသက်တမ်းတိုလာသည်ဟုဆိုသည်။ မြန်မာ့ရိုးရာမုန့်များ ပြန်လည်ပေါ်ထွက်ရန် လှုပ်ရှားခြင်းသည် ကလေးသူငယ်များကျန်းမာရေးအတွက် ရောင်းသူနှင့်စားသုံးသူပေါ်ပေါက်လာပါလျှင် နိုင်ငံခြားဖြစ်မုန့်များကို စားသုံးသူနည်းပါးသွားနိုင်သည်ဟု ဆိုသည်။ မြန်မာမုန့်များပြုလုပ်ရာတွင် တာရှည်ခံပစ္စည်းများနှင့် ဆေးသကြားများထည့်သွင်းအသုံး မပြုရေးကိစ္စကိုလည်း စားသုံးသူကာကွယ်ရေးအသင်း အတွင်းရေးမှူးက အကြံပြုသည်။

မြန်မာ့ရိုးရာမြန်မာမုန့်များ ပေါ်ပေါက်ရေး လှုပ်ရှားမှုတွင် ရိုးရာမုန့်လုပ်နည်းများ ကျွမ်းကျင်သူများပါဝင်ပြီး မုန့်လုပ်ရာတွင် သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပစ္စည်းများကိုသာ အသုံးပြုကြောင်း၊ ထို့ပြင် ကျွေးမွေးသူနှင့် စားသုံးသူကလေးငယ်များကို ကျန်းမာရေးဗဟုသုတများရရှိရန် အသိပညာပေးဖြန့်ဝေမှုများ ပြုလုပ်မည်ဟု ဒေါက်တာ ကျော်ဆွေက ပြောသည်။ ယဉ်ကျေးလိမ္မာသင်တန်းကျောင်းအပြင် မိဘမဲ့ဂေဟာများ၊ စာသင်ကျောင်းများ၊ ကလေးသူငယ်များနှင့် သက်ဆိုင်သည့်နေရာတိုင်းအား အဆိုပါလှုပ်ရှားမှုနှင့် ပတ်သက်၍ ပါဝင်လိုလျှင် တောင်တွင်းကြီးမြို့ နိုင်ငံခြားဖြစ်မုန့်များ တိုက်ဖျက်ရေးတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ပြီး အလှူရှင်များနှင့်ချိတ်ဆက်ပေးမည်ဟုသိရသည်။

သို့သော် မြန်မာမုန့်များ ပြန်လည်ပေါ်ပေါက်ရေးအတွက် လှုပ်ရှားမှုနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြသေးကြောင်း တောင်တွင်းကြီးဒေသခံတစ်ဦးက သုံးသပ်သည်။

**(မကွေးလှမြင့်)**

# ညောင်တုန်းမြို့နယ်တွင် ရေမြုပ်ခံစပါးမျိုးများ ဖြစ်ထွန်းအောင်မြင်

**ညောင်တုန်း စက်တင်ဘာ ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် နိုင်ငံတကာဆန်စပါးသုတေသနဌာန(IRRI)မှ သုတေသနပြုဆောင်ရွက်ခဲ့သည့် ရေအတက်အကျရှိသည့် ရေနက်ကွင်း၊ ရေကြီးကွင်းများ၌ အသုံးပြုသော ဒေသသုံးအခြားမျိုးစပါးနှင့် ယှဉ်တွဲစမ်းသပ်စိုက်ပျိုးရန် အိန္ဒိယစပါးမျိုးကို မြို့နယ်အတွင်းရှိ ကျေးရွာခွဲများ၌ ဧကအနည်းငယ် စမ်းသပ်စိုက်ပျိုးဆောင်ရွက်ခဲ့သည်။

ယင်းစပါးမျိုးသည် အမြင့်သုံးပေခန့်ရှိပြီး နှစ်ပတ်ရေနစ်မြုပ်မှုခံနိုင်ကာ သက်တမ်းမှာ ၁၄၅ ရက်ရှိပြီး တစ်ဧကအတွက် ပေါင်ခတ်၍ ပျိုးထောင်စပါး ၈ ပြည်အသုံးပြုရသည်ဟု သိရသည်။

ညောင်တုန်းမြို့နယ်အတွင်းရှိ ဆားမလောက်၊ ဇီးဖြူကျွန်း၊ မယ်ဇလီအုပ်စုနှင့် သဇင်ရေကျော်ကျေးရွာအုပ်စုရှိကျေးရွာခွဲများတွင် ရေမြုပ်ခံစပါးစုစုပေါင်း ၁၀ ဧက အောင်မြင်စွာ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့သည်ဟု ကွင်းဆင်းစိုက်ပျိုးရေးလုပ်ငန်းဝန်ထမ်းများထံမှသိရသည်။

**(ကိုရွှေ)**

# ကျေးလက်နေပြည်သူတို့ ဘုရားဖူးထွက်ကြပြီ

ကျေးလက်နေတောင်သူများမှာ နွေ၊ မိုး၊ ဆောင်း ဥတုရာသီအလီလီ အလုပ်နဲ့လက်ပြတ်ရသည်မရှိ။ ခါး၊ ဝမ်း လှအောင်ကြိုးပမ်းနေကြသူများလည်းဖြစ်သည်။

ပင်ပင်ပန်းပန်းလုပ်မှရသည့် ချွေးနည်းစာကို ချွေတာစုဆောင်းကြရင်း ရွာအလှူပွဲများ၊ ဘုရားပွဲများရှိလျှင် သူ့ထက်ငါသာအောင် အဝတ်အစားဝယ်၊ ပိတ်စဖြတ်၊ အပ်ချုပ်ဆိုင်ပြေးအစရှိသည်ဖြင့် မိန်းကလေးများ လုပ်အားခငွေကိုအကျိုးရှိစွာ သုံးစွဲတတ်ကြသည်။ ဘယ်သူက ဘယ်လိုဝတ်ထားတာ၊ ချုပ်ပုံလေးကောင်းတယ်နော်၊ အချင်းချင်း အမြင်ချင်းဖလှယ်ကာ ကြွားကြရတာအမော၊ ကျေးလက်၏ သဘာဝများပင်ဖြစ်သည်။

ယခုရာသီမှာ လယ်ယာလုပ်ငန်းခွင်ပြီး၍ အလုပ်နားနေကြပြီဖြစ်သည့် အားလျော်စွာ နေပြည်တော်တွင်ရှိသည့် ဗုဒ္ဓဂယာ၊ တိုင်းရင်းသားကျေးရွာနှင့်ထင်ရှားသောနေရာများ၊ ရေပန်းဥယျာဉ်ကိုနောက်ဆုံးဝင်ကာ ဂျန်းရှင်းစင်တာကိုဝင်မည်၊ တတ်နိုင်ရင်လည်းဝယ်ကြမည်။ ကျေးတောသူလေးတွေ ဘုရားဖူးထွက်ရန် စိုင်းပြင်းနေကြပြီဖြစ်သည်။ ရေတာရှည်နှင့် နေပြည်တော် နေ့ချင်းပြန်ခရီး လူ ၂၀ ကျော်စုပြီးကားငှားလျှင် တစ်ဦးကျပ် ၃၅၀၀ ခန့် ကျသည်။ ခြေနိုင်လက်နိုင် စရိတ်မို့ယခုရက်ပိုင်းနေ့စဉ်လိုလို ဘုရားဖူးသွားနေကြ၍ ယာဉ်အငှားလိုက်သူများလည်း တွက်ခြေကိုက်နေကြကြောင်း သိရသည်။

တစ်နှစ်ပတ်လုံး ပင်ပန်းခဲ့သမျှ ယခု လို ခရီးသွားရသည်ကို သူတို့အနေဖြင့် ကျေနပ်ဝမ်းသာရင်း ရောင့်ရဲတင်းတိမ် လျက်ရှိကြသည်။ မိုးရာသီက သူတို့ စိုက်ပျိုးခဲ့သော ကောက်ပင်လေးများ စိမ်းစိုလျက်ရှိပြီး မကြာခင် ရွှေဝါရောင် ပြောင်းလာလျှင် အလုပ်ခွင်ပြန်ဝင်ကြရဦးတော့မည်။ တဒင်္ဂအနားယူခွင့် ရရှိခြင်းကပင် ကျေးတောသူတို့အတွက် ခွန်အားအသစ်ပြန်လည် ပြည့်ဖြိုးနိုင်ကြမည် ဖြစ်သည်။

**ကိုလွင်(ဆွာ)**

**ကြီးငယ်မဟူ**
**သတိမူ**
**ရန်သူမီးကိုသာ**

## အစိုးရ/စီးပွားရေးကြော်ငြာ

Cambridge ... instructor ... Cambridge ...
GETC
Opening in Sept / Oct
Basic English
Communicative English
General English
Business English
www.getc-languageschool.com

09-73005053
09-5122010

(1) Junction ... Ph:571545, 09-5126882
(2) ... Ph:300917, 09-43122884
(3) ... Ph:566592, 09-421008133

MCCJ
School of Multimedia & Creative Arts
DIPLOMA IN COMPUTER ARTS (Dip.CA)
Specialized in "Character Animation & Advanced Media"
Semester (1,2) Graphic Production for Exporting any Media
Video/Audio Production, Motion Graphics & Visual Effects
Character Animation & Advanced Media
Specialized in "Multimedia & Inform Technology"
Semester (1,2) Graphic Production for Exporting any Media
Rich Media Content Creation, Interactive TV & Streaming Video
Multimedia & Information Communication Technology

Certificate in
English for Business Communication
DYNAMIC
Academic Centre
Spoken Business English, Business Writing နှင့် Business Vocabulary ...
Local Trainer နှင့် Native Speaker Trainer ...
(Elementary) ... (Intermediate) ...
case study, role play, panel discussion, presentation ...
Hands-on Training ...

LIGHT YEAR
EDUCATION CENTRE
Enroll Now!
SAT 1 Preparatory Programs
09-5030037
01-400769
01-544728
09-73112429
No.(42,43), Ngwe La Yaung Street, Southern Rayanan Quarter, Bahan Township, Yangon.

# ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ် ရင်လပ်ရှင်နာဝပ်ထရာတို့ တွေ့ဆုံ

ဗန်ကောက် စက်တင်ဘာ ၂၄

**ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ် ရင်လပ်ရှင်နာဝပ်ထရာအား စက်တင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီတွင် အစိုးရအိမ်တော်၌ သွားရောက်တွေ့ဆုံခဲ့သည်။**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံနှင့် ရှေးယခင်ကတည်းက နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးစွာဆောင်ရွက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ ယခင်အစိုးရအဆက်ဆက်မှ တာဝန်ရှိသူများသည်လည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ယခုအခါ ဒီမိုကရေစီစနစ်ကို ပြောင်းလဲ ကျင့်သုံးနေပြီဖြစ်ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့သည်လည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအတွက် အားကြိုးမာန်တက် ကြိုးစားလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ရေးရာလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို မြင်တွေ့နေရကြောင်း၊ နှစ်နိုင်ငံ အစိုးရ ပူးပေါင်း၍ ထားဝယ်ရေနက်ဆိပ်ကမ်းအပါအဝင် စီးပွားရေး ကိစ္စရပ်များကိုလည်း ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ နှစ်နိုင်ငံလက်တွဲဆောင်ရွက်မှ အောင်မြင် နိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်မှ ဥပဒေပြုရေးကိစ္စရပ် များနှင့် ပတ်သက်၍ လိုအပ်သောအကူအညီများ ဆောင်ရွက်ပေးစေလိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ထိုင်းနိုင်ငံအနေနှင့် မြန်မာနိုင်ငံ၏ မိတ်ဆွေရင်းချာအဖြစ် ရပ်တည်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အနေဖြင့် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် မြန်မာလုပ်သား သုံးသန်းကျော်ကို ကူညီဆောင်ရွက်ပေးနေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း ကူညီစောင့်ရှောက်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်း၊ အစိုးရချင်း၊ ပြည်သူချင်း ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ် ရင်လပ်ရှင်နာဝပ်ထရာတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)



## အရှေ့ပိုင်းဒေသများ မိုးအနည်းငယ်ပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။



## ဧရာဝတီမြစ်ရေကြီးမှု ဇလွန်မြို့တွင် နေအိမ်များအတွင်းဝင်ရောက်

ဇလွန် စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ဇလွန်မြို့ ကန္တားရပ်ကွက်ရှိ လူနေရပ်ကွက် အိမ်ခြေ ၂၉၀ ရှိ လမ်းများနှင့် နေအိမ်များအတွင်း ရေများဝင်ရောက်လျက်ရှိပြီး လှေများ၊ စက်တပ်ယာဉ်များဖြင့် ဝင်ထွက်သွားလာနေရသည်။**(ဓာတ်ပုံ)** ကန္တားရပ်ကွက် လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်သူများအား နံနက်စာနှင့် ညစာများကျွေးမွေး လှူဒါန်းခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ငွေသန်း-မြန်/ဆက်)**

## မကွေး၌ စိုက်ပျိုးပွဲတော်ကျင်းပ



သတင်း၊ စာမျက်နှာ » ၂

## မိုးရွာသွန်းမှုကြောင့် ရန်ကုန်မြို့တွင် အချိန် သုံးနာရီကြာ ယာဉ်ကြောပိတ်ဆို့

သတင်း၊ စာမျက်နှာ » ၉

## ကြော်ငြာစာမျက်နှာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုလေးမျက်နှာ ပါရှိပါသည်။












## အများသိစေရန် သတိပေးကြော်ငြာချက်

ဒေါ်မိမိလှိုင် (LL.B)

# SONY 2013 DEALER CONVENTION

TMW Enterprise Ltd. မှ ကျင်းပသော Sony 2013 Dealer Convention ကို 17-9-2013 (အင်္ဂါနေ့) ညနေ (၆)နာရီမှ (၁၀)နာရီထိ Traders Hotel Myanmar Ballroom တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ TMW Enterprise Ltd. အနေဖြင့် [illegible] Sony Electronic Product များကို [illegible] Dealer (အရောင်းကိုယ်စားလှယ်)ကြီးများနှင့် [illegible] Sony Line up [illegible] Sony မှ 2013 အတွက် အသစ်ထွက်ရှိလာသည့် Bravia TV ရဲ့ New Line up [illegible] TV [illegible] HD [illegible] 4K LED TV [illegible] Sony [illegible] Sony TV Line up [illegible] Digital [illegible] DVB T2 [illegible] TV Line up (Sony မှ 2013 အတွက် အသစ်ထွက်ရှိလာသည့်) Electronic [illegible] Sony Mobile [illegible] 20.7 Megapixel Camera [illegible] Xperia™Z1 [illegible] Sony [illegible] Triluminos Display [illegible] Bravia TV [illegible]





# ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

**Naing Group Construction Co.,Ltd.** ၏ Sales & Marketing, Advertising နှင့် Showroom တို့ အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ထားပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား လေးစားစွာ အသိပေးအပ်ပါသည်။

## NAING GROUP CAPITAL
BUSINESS DEVELOPMENT CENTRE

အမှတ်(၇၂)၊ ဦးဝိစာရလမ်းနှင့် ချမ်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့ (ယခင် BLAZON )

ဖုန်း - ၀၉ ၅၁၁ ၂၁၃၆၊ ၀၉ ၄၃၁၀၉၅၈၂၊ ၀၉ ၇၃ ၂၀၆၆၉၊ ၀၉ ၄၃ ၂၀ ၂၈၆၀

**NAING Group Construction Co.,Ltd.**
Sales & Marketing Department





ချွေးနှဲစဝ်လာထုတောင်းပွာ
Audio CD
Managing Director နှင့် Director
Lone Lone
နှင်းသီတဲ့ တစ်နေ့
25 Sept. 2013 မှစ၍
Audio CD Promotion
Junction Square
Happy World
Capital Hyper Market
Feat:
Promotion Audio CD




ပြည့်စုံချမ်းသာ ဆုပေါင်းများစွာ
ကျပ်သိန်းပေါင်း ၄၅၀ ကျော် ဆုကြီးများကို ရယူပါ
3K BATTERY
နမူနာပုံ
ပထမဆု - Honda fit (၁) စီး
ဒုတိယဆု - ရွှေ (၁) ကျပ်သား (၃၃) ဆု
တတိယဆု - Samsung Galaxy SIII အလုံး (၃၀)
အချင်းသင့်နှင့် ဘဝသင့်ဆီ 3K BATTERY